LA County Child Abuse Prevention Councils

# လော့စ်အိန်ဂျယ်လိ ကောင်တီ လူထုအခြေပြု ကလေးသူငယ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ကောင်စီများ

lachildabusecouncils.org

## ကလေးများအပေါ် နေ့စဉ် ကြင်နာမှုပြသနိုင်မည့် လုပ်ရပ်များ

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| ကလေးကို စာဖတ်ပြရန်။ | ကလေးကို ချီးကျူးစကား ဆိုပြီး ခွန်အားပေးရန်။ | ထမင်းစားဝလေ့ တစ်ခု စတင် လုပ်ဆောင်ရန်- ကျန်းမာရေးနှင့် ညီညွတ်သော အင်္ဂါနေ့ ညစာ။ | သင့်ကလေးတို့ အကြောင်းနှင့် သူတို့၏ အိပ်မက်များကို နားထောင်ပေးရန်။ ၎င်းသည် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု တည်ဆောက်ရာတွင် ကူညီပေးပါသည်။ | သင့်ကလေးတို့ ကောင်းကောင်း လုပ်ဆောင် နေသည့် အရာများအတွက် ချီးကျူးပေးရန်။ | သင့်ကလေး နှင့်အတူ သီချင်းတစ်ပုဒ် သီဆိုရန်။ | သင့်ကလေး နှင့်အတူ အထူး ပန်းချီကား တစ်ချပ်ကို ဆေးခြယ်ရန်။ ရေခဲသေတ္တာ ပေါ်တွင် ချိတ်ဆွဲထားရန်။ |
| မိသားစုလိုက် စက်ဘီးစီး ထွက်ရန်။ | သင့်ကလေး အတွက် အပြည့်အဝ အာရုံစိုက်ရန် နေ့စဉ် အချိန် ဖယ်ထားပေးရန်။ | အနားယူရန် လိုအပ်နေသော မိဘတစ်ဦး အတွက် ကလေးကို အခမဲ့ ထိန်းပေးရန်။ | သင့်ကလေး မည်မျှ တော်ကြောင်း အခြားသူ တစ်ဦးအား သင် ပြောနေသည်ကို ကလေး ကြားအောင် ပြောရန်။ | သင့်ကလေးကို တိရစ္ဆာန်ရုံသို့ ခေါ်သွားရန်။ | အခြားသူများအား ပေးကမ်းရန် ကစားစရာ အဟောင်းများကို သင့်ကလေး ရွေးချယ်ရာတွင် ကူညီပေးရန်။ | သင့်ကလေး အကြိုက်ဆုံး ကစားနည်းကို ကစားရန်။ |
| သင့်ကလေး နှင့်အတူ ကွတ်ကီးမုန့်များပြုလုပ်ပြီး အိမ်နီးချင်းများကို သွားပေးရန်။ | သင့်ကလေးတို့ကို အကြောင်းပြချက်မရှိဘဲ ဖက်ထားပေးရန်။ | ရေဒီယိုသံချဲ့ပြီး အားလုံးတူတူ ကခုန်ရန်။ | သင့်ကိုယ်သင် ဂရုစိုက်ရန်အတွက် အပန်းပြေစေမည့် အရာတစ်ခုခုကို လုပ်ရန်။ | သင့်ကလေးတို့ကို မီးသတ်စခန်းသို့ သွားရောက်လေ့လာရန် ခေါ်သွားရန်။ | ယနေ့ သင့်မိသားစုဝင် အားလုံးကို ပွေ့ဖက်ပေးရန်။ | မိသားစုလိုက် အတူတူ လမ်းလျှောက်ထွက်ရန်။ |
| ကလေးတို့၏ ခံစားချက်များကို ဖော်ပြနိုင်မည့် စကားလုံးများကို သူ့အား သင်ပေးရန်။ | မိသားစုကြည့်ရန် ရုပ်ရှင်ကား တစ်ကား ငှားပြီး ပေါက်ပေါက်ဆုပ် တစ်ပန်းကန် အတူတူ ဝေစားရန်။ | မိဘအုပ်ထိန်းမှုဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲသို့ သွားရန်။ | ကလေးသူငယ် အကြမ်းဖက်မှုနှင့် ပတ်သက်၍ သံသယရှိဖွယ် များကို မည်သို့၊ မည်သည့် အချိန်တွင်၊ မည်သည့် အရာကို တိုင်ကြားရမည်ကို လေ့လာရန်။ | ယနေ့အတွက် အကောင်းဆုံး အချိန်သည် မည်သည့်အချိန် ဖြစ်ကြောင်း သင့်ကလေးများကို မေးရန်။ | သင့်ကလေးများကို "သား/ သမီးကို ချစ်တယ်" ဟု ပြောရန်။ | မိသားစုကို ခေါ်၍ ပန်းခြံတွင် ပျော်ပွဲစား ထွက်ရန်။ |
| တနင်္ဂနွေနေ့ ညစာကို မိသားစု နှင့်အတူ ချက်ပြုတ်ရန်။ | ကျောင်းတွင် အကြိုက်ဆုံး ဘာသာရပ် အကြောင်း သင့်ကလေးများကို မေးရန်။ | အခြားမိသားစု တစ်ခုနှင့် အတူတူ ပွဲတစ်ခုခု စီစဉ်ရန်။ | အိမ်နီးချင်းများနှင့် တွေ့ဆုံရန် ရပ်ကွက် ပါတီ လေးတစ်ခု ပြုလုပ်ရန်။ | သင့်ကလေးကို စာကြည့်တိုက်သို့ ခေါ်သွားပြီး စာအုပ် ကောင်းကောင်း တစ်အုပ်ကို ငှားရမ်းရန်။ | သောကြာနေ့ညကို မိသားစုည အဖြစ် ဖန်တီးရန်။ | ကျေးဇူးတင် ရှိသူ တစ်ဦးထံ စာတို၊ ပို့စ်ကတ် သို့မဟုတ် ကတ် တစ်ခုကို သင့်ကလေး ပေးပို့ရာတွင် ကူညီပေးရန်။ |

ည် ကလေးသူငယ် အကြမ်းဖက်ခံရမှုများ ကို တားဆီးကာကွယ်နိုင်ပါသည်။

# အကာအကွယ်ပေးသည့် အချက် ၅ ချက်

ဤအကာအကွယ်ပေးသည့် အချက်များသည် ခိုင်မာတောင့်တင်းသော မိသားစုများဖြစ်လာစေရေး ချဉ်းကပ်မှု၏ အခြေခံအုတ်မြစ်ဖြစ်သည်။ မိသားစုတစ်ခုတွင် ဤအကာအကွယ်ပေးသည့် အချက် ၅ ချက် ရှိနေပြီး ခိုင်မာနေပါက ကလေးသူငယ် အကြမ်းဖက်ခံရမှုနှင့် လျစ်လျူရှုခံရမှု ဖြစ်နိုင်ခြေ လျော့နည်းသွားမည်ဆိုသည့် အများလက်ခံထားသော အယူအဆကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ထားသော သုတေသနများတွင် တွေ့ရှိရပါသည်။

**မိဘများ၏ ကြံ့ကြံ့ခံနိုင်စွမ်း** - စိန်ခေါ်မှု အမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်ပြီး မူလအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်စွမ်း။

**လူမှုရေးအရ ချိတ်ဆက်မှုများ** - မိဘများအတွက် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုနှင့် လက်တွေ့ကျသော အကူအညီများကို ပေးနိုင်မည့် မိတ်ဆွေများ၊ မိသားစုဝင်များ၊ အိမ်နီးချင်းများနှင့် အခြား လူမှုအသိုင်းအဝိုင်းမှ အဖွဲ့ဝင်များ။

**မိဘအုပ်ထိန်းမှုနှင့် ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဗဟုသုတ** - ကလေးငယ်များ ပြုစုပျိုးထောင်ခြင်းနှင့် ပတ်သက်သည့် တိကျမှန်ကန်သော အချက်အလက်များနှင့် ၎င်းတို့၏ အပြုအမူများအတွက် သင့်လျော်သော မျှော်လင့်ချက်များ ရှိခြင်း။

**လိုအပ်ချိန်တွင် လက်တွေ့ကျသော ပံ့ပိုးမှုပေးခြင်း** - နေ့စဉ် အသုံးစရိတ်များနှင့် ရုံဖန်ရံခါ ပေါ်လာတတ်သည့် မမျှော်လင့်ထားသော ကုန်ကျစရိတ်များကို ကာမိစေရန် ဘဏ္ဍာရေး အာမခံချက်ရှိခြင်း။ TANF၊ Medicaid ကဲ့သို့သော တရားဝင် ပံ့ပိုးမှုများနှင့် လူမှုကွန်ရက်များမှတစ်ဆင့် တရားဝင် မဟုတ်သော ပံ့ပိုးမှုများကို လက်လှမ်းမီ ရရှိနိုင်ခြင်း။

**ကလေးသူငယ်များ၏ လူမှုရေးနှင့် စိတ်ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု** - ကလေးတစ်ဦးသည် အခြားသူများနှင့် အပြုသဘောဆောင်စွာ ဆက်ဆံနိုင်စွမ်းနှင့် သူ သို့မဟုတ် သူမ၏ ခံစားချက်များ၊ လိုအပ်ချက်များကို ထိရောက်စွာ ပြောဆိုဆက်သွယ်နိုင်စွမ်း ရှိခြင်း။



## လော့စ်အိန်ဂျယ်လိ ကောင်တီ လူထုအခြေပြု ကလေးသူငယ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ကောင်စီများ

ကောင်စီများအကြောင်း ပိုမိုသိရှိလိုပါက www.lachildabusecouncils.org သို့ ဝင်ရောက်ကြည့်ရှုပါ

**နားမကြား ကလေးသူငယ်များ မဟာမိတ်များနှင့် ရှေ့နေရှေ့ရပ် ကောင်စီ**
**Action For Kids- Antelope တောင်ကြား ကလေးသူငယ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ကောင်စီ**
**အာရှနှင့် ပစိဖိတ်ကျွန်းသား ကလေးသူငယ်၊ လူငယ်နှင့် မိသားစု ကောင်စီ**
**အရှေ့ပိုင်း ကလေးသူငယ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ကောင်စီ**
**လောင်းဘိချ် အကြမ်းဖက်မှု အဆုံးသတ်ရေး**
**မိသားစု၊ ကလေးသူငယ်၊ လူထု အကြံပေးကောင်စီ (အာဖရိကန် အမေရိကန် ကောင်စီ)**
**Foothill ကလေးသူငယ် အကြမ်းဖက်ခံရမှုနှင့် မိသားစုတွင်း အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ကောင်စီ**
**LGBTQ+ ကလေးသူငယ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ကောင်စီ**
**ဆန်ဖာနန်ဒိုနှင့် ဆန်တာကလာရီတာ တောင်ကြားဒေသများကို ဝန်ဆောင်မှုပေးနေသော ကလေးသူငယ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ကောင်စီ (SPA 2)**
**ဆန်ဂါဘရီရယ် တောင်ကြား ကလေးသူငယ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ကောင်စီ**
**ဝန်ဆောင်မှု စီမံကိန်း ဧရိယာ ၇ ကလေးသူငယ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ကောင်စီ**
**အနောက်ပိုင်းအကြမ်းဖက်မှု ဆန့်ကျင်ရေး မဟာမိတ်အဖွဲ့**

LA County Child Abuse Prevention Councils

all for kids
PARTNERS WITH CHILDREN, FAMILIES, AND COMMUNITIES